ဖေဖော်ဝါရီလ 24 ရက်၊ 2025

## ပြန်လည်စိတ်ကူးပုံဖော်မှု အောင်မြင်ရေး - DCSD အကြံပေး ကော်မတီများသည် အဓိပ္ပါယ်ရှိ၍ အဓိကကျသော နယ်နိမိတ်သတ်မှတ်မှုများကို ဆက်လက် လုပ်ဆောင်သွားမည်

(STONE MOUNTAIN)- *"ကျွန်ုပ်တို့က မျဉ်းလိုင်းတွေကို ပြန်ပြီး ရေးဆွဲရုံတင် မကပါဘူး—ဂေဟာစနစ်တစ်ခုလုံးကို ပြန်လည်စိတ်ကူးပုံဖော်ကြည့်ရတာ ဖြစ်ပါတယ်"* DeKalb ကောင်တီကျောင်းခရိုင် (*DCSD*) ၏ ကျောင်းသား ခွဲဝေချမှတ်မှုဆိုင်ရာ အလုပ်အမှုဆောင် ဒါရိုက်တာဖြစ်သည့် Sarita Smith သည် အဆိုပါစကားအား ပြောဆို၍ Miller Grove အထက်တန်းကျောင်းတွင် ဆောင်ရွက်ခဲ့သော အရှေ့တောင် နှင့် အနောက်တောင် ကျောင်းသား ခွဲဝေချမှတ်မှု စီမံချက် (SAP) ပေါင်းစပ် အကြံပေး ကော်မတီများ၏ ဇန်နဝါရီလ 29 ရက်၊ တွေ့ဆုံပွဲတွင် ၎င်းမျှော်လင့်ထားသည့်အရာများကို ချပြခဲ့သည်။

လပေါင်းများစွာတိုင်အောင် SAP ကော်မတီများသည် ကျောင်းသားများအား DCSD စာသင်ကျောင်းများသို့ ခွဲဝေချမှတ်ပေးမှုများကို ပြန်လည်သုံးသပ်စစ်ဆေးသည့် အလွန်ပင် အရေးကြီးသော ကဏ္ဍတွင် ပါဝင်ဆောင်ရွက်ခဲ့ကြပြီး၊ အဆိုပါ လုပ်ငန်းစဉ်သည် စင်စစ် ကျောင်းတက်ရောက်မှု နယ်နိမိတ်များအား ပြန်လည်ချိန်ညှိရုံထက်ပင် ကျော်လွန်သော လုပ်ငန်းစဉ်တစ်ခုဟု ဆိုရပေမည်။ ဆရာ၊ဆရာမများ၊ မိဘများ၊ ရပ်ရွာအဖွဲ့အစည်း လက်တွဲပါတနာများ နှင့် ဒေသခံ ခေါင်းဆောင်များ အစရှိသူများတို့ဖြင့် ဖွဲ့စည်းထားသည့် ဤကော်မတီများသည် DeKalb တောင်ပိုင်း၊ အလယ်ပိုင်း၊ အနောက်တောင်ပိုင်း နှင့် အရှေ့တောင်ပိုင်း အရပ်များအတွက် ဝန်ဆောင်မှုများ ပေးအပ်လျက် ရှိပါသည်။

ဤကော်မတီများသည် လစဉ် တွေ့ဆုံဆွေးနွေးကာ ပညာရေးဘုတ်အဖွဲ့ နှင့် ခရိုင် ခေါင်းဆောင်များတို့အတွက် ဒေတာအချက်အလက်များအပေါ် အခြေခံသည့် ဘက်မလိုက်သော ထောက်ခံအကြံပြုချက်များကို ကမ်းလှမ်းပေးလျက် ရှိသည်။ ၎င်းတို့၏ အဓိကကျသော ထည့်ဝင်ဆောင်ရွက်ပေးမှုများတွင် ပါဝင်သည်များမှာ -

- တန်းတူညီမျှမှုရှိသော နယ်နိမိတ်များ၊ ဝန်ဆောင်မှုအဆောက်အအုံ အသုံးပြုမှုများ နှင့် အစီအစဉ် တိုးမြှင့်ဆောင်ရွက်မှုများတို့ကို အကြံပြုပေးခြင်း
- မညီမျှမှုများအား ပယ်ဖျက်ရန် နှင့် ကျောင်းသားများ အားလုံးအတွက် ပညာရေး အခွင့်အလမ်းများ ပိုမိုရရှိလာစေရန် အစရှိသည့် နည်းလမ်းများကို ဖော်ထုတ်ပေးခြင်း
- စာသင်ကျောင်းများတွင် မိသားစုများ နှင့် ရပ်ရွာအဖွဲ့အစည်း၏ ညှိနှိုင်းပါဝင်ဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး အကြံပြုချက်များ ထောက်ပံ့ပေးခြင်း

အဓိကအားဖြင့် ဤပူးပေါင်းဆောင်ရွက်ထားသော "ပြန်လည်စိတ်ကူးပုံဖော်မှု" လုပ်ငန်းစဉ်သည် ကျောင်းသားများနှင့် မိသားစုများအတွက် ပိုမိုကောင်းမွန်စွာ ဝန်ဆောင်မှုများ ပေးနိုင်ဖို့ရန်အလို့ငှာ ပရိုဂရမ်အစီအစဉ် ပြန်လည်သုံးသပ်စစ်ဆေးမှုများ၊ ရပ်ရွာအဖွဲ့အစည်းထံမှ တုံ့ပြန်မှတ်ချက်များ နှင့် ဖြစ်နိုင်ခြေရှိသော ပြန်လည်ဖွဲ့စည်းမှုများအပေါ်တွင် အဓိကအာရုံပြု ဆောင်ရွက်ထားခြင်း ဖြစ်သည်။

ဇန်နဝါရီလ 29 ရက်၊ စက်ရှင်မှ အဓိကကျသော အချက်များမှာ -

<u>ဘဏ္ဍာရေး တာဝန်ခံမှု နှင့် ခရိုင်ပြန်လည်ဖွဲ့စည်းခြင်း</u>

> စာသင်ကျောင်း၏ ကျောင်းသား ဝင်ဆံ့နိုင်စွမ်းအား စီမံခန့်ခွဲခြင်းသည် အလွန်ပင် အဓိကကျပေသည်၊ ကျောင်းသား ဝင်ဆံ့ထောက်ပံ့နိုင်စွမ်း အလွန်နည်းပါးသော ဝန်ဆောင်မှုအဆောက်အအုံများသည် ဝန်ထမ်း၊ လုံခြုံရေး နှင့် ထိန်းသိမ်းမှု အစရှိသည်ကဲ့သို့သော ပုံသေ ကုန်ကျစရိတ်များ အလွန်မြင့်မားစွာ ကျသင့်နိုင်သောကြောင့် ဖြစ်သည်။ အချို့သော စာသင်ကျောင်းများတွင် လူအရမ်းကြပ်နေသည်များကို လျှော့ချရန်အတွက်ငှာ အရင်းအမြစ်များအား ထိရောက်စွာ ပြန်လည် ဖြန့်ဖြူးဝေဖို့သည်လည်း အလွန်ပင် အရေးကြီးပြီး၊ တစ်ဖက်တွင်လည်း အခြားနေရာများတွင် အသုံးပြုမှုမရှိသလောက်ဖြစ်နေခြင်းများအား ဖြေရှင်းဆောင်ရွက်သွားရပေမည်။

<u>ရပ်ရွာအဖွဲ့အစည်း ညှိနှိုင်းပါဝင်ဆောင်ရွက်မှု နှင့် ပံ့ပိုးထောက်ပံ့မှု</u>

မိသားစုများသည် မိမိတို့၏ ကျောင်းသားများအတွက် မူလတန်းမှ အထက်တန်းကျောင်း ရောက်ရှိသည့်အထိ ရှင်းလင်းဖြောင့်ဖြူးသော လမ်းကြောင်းကို တန်ဖိုးထားပေသည်၊ သို့ဖြစ်သောကြောင့်ဌာ နီးစပ်ရာဝန်းကျင်အပေါ် အခြေခံကာ ကျောင်း နယ်နိမိတ်များအား ပြန်လည်ချိန်ညှိခြင်းသည် ဒီမိုဂရပ်ဖစ် အပြောင်းအလဲဖြစ်မှုများကို ထိရောက်စွာ ဖြေရှင်းပေးနိုင်မည် ဖြစ်သည်။ ထို့ပြင် ရပ်ရွာအဖွဲ့အစည်း တွေ့ဆုံဆွေးနွေးပွဲများ၊ လူမှုမီဒီယာများမှတစ်ဆင့် သော်လည်းကောင်း၊ ထို့အတူ အပြုသဘောဆောင်သော စာသင်ကျောင်း ပုံပြင်ဇာတ်လမ်းများအား မျှဝေခြင်းအားဖြင့်သော်လည်းကောင်း ပွင့်လင်းမြင်သာမှုအား တစ်သမတ်တည်း ထိန်းသိမ်းထားခြင်းသည် ယုံကြည်စိတ်ချမှုကို တည်ဆောက်ပေးဖို့ အထောက်အကူဖြစ်စေပြီး၊ အပြောင်းအလဲများအပေါ် ခုခံဆန့်ကျင်မှုများကို လျှော့ချပေးနိုင်ပါသည်။

<u>မြေပုံရေးဆွဲခြင်း နှင့် အစီအစဉ်ရေးဆွဲခြင်းတို့တွင် တွေ့ ရှိရသည့် စိန်ခေါ်မှုများ နှင့် အခွင့်အလမ်းများ</u>

ကော်မတီ အဖွဲ့ဝင်များသည် တင်းကြပ်သော မူလ ပထဝီဇုံများမှနေ တစ်ဦးချင်းစီ စိတ်ကြိုက် ရွေးချယ်မှုကို မြှင့်တင်ပေးကာ မျှယူထားသည့် ဒေသဆိုင်ရာ နယ်နိမိတ်များကို အသိအမှတ်ပြုသော မော်ဒယ်နမူနာများသို့ ပြောင်းလဲအသုံးပြုရန် ထည့်သွင်းစဉ်းစားခဲ့ကြသည်။ ၎င်းတို့သည် လက်တွေ့ သင်ယူလေ့လာမှု အခွင့်အလမ်းများကို မြှင့်တင်၍ မိဘဆိုင်ရာ ညှိနှိုင်းပါဝင်ဆောင်ရွက်မှုအတွက် နည်းပညာများကို တိုးတက်ဆောင်ရွက်ခြင်းအားဖြင့် အနာဂါတ် နှစ်ပေါင်း 20 မှ 50 ကြာအထိ ရေရှည် စဉ်းစားသုံးသပ်ကာ ပညာရေးဆိုင်ရာ အတွေ့အကြုံများကို ပြန်လည်အဓိပ္ပါယ်သတ်မှတ်ဖို့ အကြံပြုခဲ့ကြသည်။

<u>စာသင်ကျောင်း အတွေ့အကြုံများအား ပြန်လည်စိတ်ကူးပုံဖော်ခြင်း</u>

ရပ်ရွာအဖွဲ့အစည်းထံမှ တုံ့ပြန်မှတ်ချက်များ၊ စာရင်းသွင်းအပ်နှံမှု ရေစီးကြောင်းများ နှင့် အနာဂါတ် အလုပ်ခွင် လိုအပ်ချက်များ အစရှိသည့်တိုကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာသုံးသပ်၍ အစီအစဉ် နေရာချမှု၊ ပို့ဆောင်ဆက်သွယ်ရေး လိုအပ်ချက်များ နှင့် စာရင်သွင်းအပ်နှံနိုင်စွမ်းများ အစရှိသည်တို့နှင့်ပတ်သက်ပြီး သတင်းအချက်အလက် ပြည့်စုံစွာ ရရှိသော ဆုံးဖြတ်ချက်များကို ချမှတ်သင့်ပေသည်။ ထို့ပြင် ခရိုင် ခေါင်းဆောင်မှုအပိုင်းအနေနှင့်လည်း လက်ငင်း စာရင်းသွင်းအပ်နှံမှု အတက်အကျများထက်ကျော်လွန်သော အခြေအနေ၊ အချက်အလက်များကို ထည့်သွင်းစဉ်းစားမှု ပြုသင့်ပါသည်။ ယခုအခြေအနေအထိတိုင် DCSD သည် ကျောင်းသားများ ပညာဆက်လက်သင်ကြားနိုင်ရေးကို သေချာစေကာ တစ်ဖက်တွင်လည်း ဆက်လက်၍ ရေရှည်ခံဆောင် လည်ပတ်နိုင်မည့် မွေးစားကျင့်သုံးမှုပြုနိုင်သော ခေတ်မီ စနစ်တစ်ခုကို ဒီဇိုင်းရေးဆွဲဖို့ရန် လုပ်ဆောင်နေလျက် ရှိပါသည်။

DCSD သည် ရပ်ရွာအဖွဲ့အစည်းများထံမှ တုံ့ပြန်မှတ်ချက်များ ရရှိသည့်အပေါ် အလွန်ပင် ကျေးဇူးတင်ပြီး။ ၎င်းတို့သည် ရရှိသော ဒေတာအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ကာ အဆိုပြုချက်များ စီစစ်ဆောင်ရွက်လျက် ရှိပါသည်။ ဤလုပ်ငန်းစဉ်အားဖြင့် နှစ်ပေါင်း 15 နှစ်နီးပါးအကြာတွင် ပထမဆုံးအနေနှင့် ကျွန်ုပ်တို့သည် အဆောက်အအုံများ၊ နယ်နိမိတ်များ နှင့် ပရိုဂရမ်အစီအစဉ်များတို့ကို ပြန်လည်ဖွဲ့စည်းနိုင်တော့မည် ဖြစ်သည်။ ဒီမိုဂရပ်ဖစ် ပြောင်းလဲမှုများ နှင့် မညီမျှသော အရင်းအမြစ် အသုံးပြုမှု နှင့် ခွဲဝေမှုများတို့သည် ကျောင်းသားများ အောင်မြင်မှုရရှိစေရေးအား ဖွံ့ ဖြိုးတိုးတက်လာစေဖို့ရန် သေချာစီမံဆောင်ရွက်ပေးဖို့ လိုအပ်ကြောင်းကို အထူးမြင်သာအောင် ပြသလျက်ရှိပါသည်။

24 လကြာ SAP လုပ်ငန်းစဉ်အပြီးတွင် DCSD သည် E-SPLOST စီမံရေးဆွဲမှုအား နေရာချစီစဉ်ရန် နှင့် ဘဏ္ဍာရေး တာဝန်ခံမှုများအား သေချာစေရန်အလို့ငှာ ငါးနှစ်လျှင်တစ်ကြိမ် ကျောင်း နယ်နိမိတ်များကို ပြန်လည်သုံးသပ်စစ်ဆေးသွားမည် ဖြစ်သည်။ ၎င်း၏ ပန်းတိုင်မှာ ကောလိပ်၊ သက်မွေးဝမ်းကျောင်း၊ စွန့်ဦးတီထွင်စီးပွားရေး၊ သို့မဟုတ် စစ်မှုထမ်း အစရှိသည်တို့အတွက် ကျောင်းသားများအား အသင့်ပြင်ဆင်ပေးသည့် အရည်အသွေးမြင့်မားသော ပညာရေးကို ထောက်ပံ့ပေးသွားဖို့ရန် ဖြစ်ပြီး၊ အဆုံးသတ် အကြံပြုထောက်ခံချက်များအား မတ်လ 2026 တွင် အပြီးသတ်ဆောင်ရွက်ရန် မျှော်မှန်းထားသည်။

နောက်လာမည့် ပေါင်းစပ် တွေ့ဆုံဆွေးနွေးပွဲသည် ဒေသဆိုင်ရာ ကော်မတီ လေးခုစလုံးအတွက်ဌာ အားလုံးပါဝင်သည့် ခရိုင် ကော်မတီ တွေ့ဆုံပွဲတစ်ခု ဖြစ်မည်ဖြစ်ပြီး၊ Stone Mountain ၏ လိပ်စာ - 1701 Mountain Industrial Boulevard ရှိ Administrative Complex (စီမံအုပ်ချုပ်မှုဆိုင်ရာ ကွန်းပလပ်စ်) တွင် ဗုဒ္ဓဟူးနေ့၊ ဖေဖော်ဝါရီလ 26 ရက်၊ အချိန် ညနေ 6:30 နာရီ မှ ည 8:30 နာရီ အတွင်း ဆောင်ရွက်သွားမည် ဖြစ်သည်။ ဆွေးနွေးပွဲ ဗီဒီယိုများ နှင့် ကျောင်းသား ခွဲဝေချမှတ်မှု စီမံချက်နှင့်ပတ်သက်သည့် နောက်ထပ်သော အချက်အလက်များအား dekalbschoolsga.org/SAP တွင် ရှာယူနိုင်ပါသည်။